**နတ်ချောင်းကျေးရွာ**

**ကလေးမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၈–၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နတ်ချောင်းကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


စာမျက်နှာ

စကားချီး ၁

နတ်ချောင်း ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၂

**၁။ နိဒါန်း**

(က) ရည်ရွယ်ချက်

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၃-၅

(က) လူဦးရေဆိုင်အရာအချက်အလက်များ

( ခ ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ ) ကျား/မဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ** ၅-၈

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ** ၈–၉

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

( ခ ) အဟန့်အတားနှင့် စိန်ခေါ်မှု

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၉–၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်

( ခ ) အကောင်အထည်ဖော်နည်းဗျူဟာ

**၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ** ၁၀–၁၁

( က ) ဦးစားပေးစီမံချက်များ

( ခ ) အကောင်အထည်ဖော်မည့်အချိန်ကာလ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂ မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီး ပုံကိုအလေးထား မိလာကြပါသည်။ ထိုအပြင်ကျေးရွာအုပ်စုအုပ်ချုပကိန် ကိန်းဂဏန်း၊ သတင်းအချက်အလက် ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများ သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်ပြီး မဏိပူရမြစ်မှရေလွှတ်မြောင်းများမှ စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အထောက်အကူပြုပါသည်။ ကျေးရွာတည်နေရာသည် ချင်းတောင်တန်းနှင့်နီးစပ်ပြီး ကျေးရွာ၏ မြေမျက်နှာ သွင်ပြင်မှာ မြေပြန့်ဖြစ်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နတ်ချောင်းကျေးရွာ
ကလေးမြို့နယ်


ကားလမ်း – ဂုန်ဓဂါလမ်း
← ဖားမော်းဘို့
ကြောင်းဖွင့်
ဘို့ဆောင်းလမ်း
ပင်းမှုန်ကြောင်း
မြေပုံအကျဉ်း
မြောက်
အရှေ့
တောင်
အနောက်

# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

(က) ရည်ရွယ်ချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ် နတ်ချောင်းကျေးရွာအုပ်စု၊ နတ်ချောင်းကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထိုအပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ၎င်းကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

အဆိုပါကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများကို ပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။

ကျေးရွာအဆင့်ဖွံ့ဖြိုးရေးရည်မှန်းချက်များရရှိနိုင်ရန် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်အား မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများ၊ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု ပြုလုပ်လာနိုင်ပါမည်။

၂

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရှိပြီး အမြင်ရှင်းလင်းမှုရရှိစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နတ်ချောင်းကျေးရွာသည် ကလေးမြို့နယ်၊ ကလေးမြို့နှင့်(၁၅)မိုင်အကွာ၊ ကလေး-ဂန့်ဂေါကားလမ်းဘေးတွင် တည်ရှိပြီး သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်တာပျမ်းမျှမိုးရေချိန်လက်မ(၈၀)အောက်တွင်ရှိပြီး၊ ချင်းပြည်နယ်မှ စီးဆင်းသော ချောင်း၊ မြောင်းများမှ ရေရရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာအထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ချင်းပြည်နယ်အစပ်နှင့် တစ်ဆက်တည်းဖြစ်၍ ကျေးရွာ၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် တောင်တန်းများရှိခြင်း၊ တောင်ဘက်တွင် မဏိပူရမြစ်မှ မြစ်ဖျားခံစီးဆင်းလာသော မြစ်သာမြစ်နှင့် မြောက်ဘက်တွင် ကလေးလွင်ပြင်ရှိခြင်းတို့ကြောင့် မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ ပြောင်း၊ နှမ်း၊ ပဲများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာဖြစ်ပေသည်။

### ( ခ ) သဘာဝအရင်းအမြစ်များ

နတ်ချောင်းကျေးရွာသည် စိမ့်စမ်းရေနှင့် ချောင်းမြောင်းများ၊ မြစ်သာမြစ်တို့မှ ရေကို ရရှိအသုံးပြုရကာ စိုက်ပျိုးရေးအတွက် များစွာအကျိုးဖြစ်ထွန်းသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်ပြီး စားကျက်မြေသီးသန့်မရှိပါ။ ဆေးဖက်ဝင်အပင်များမှာ သာမန်တွေ့ရှိရသော အပင်များသာ ရှိပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၇၄၇)စုနှင့် ကျား(၃၅၉၃)ဦး၊ မ(၃၈၉၂)ဦး၊ လူဦးရေစုစုပေါင်း(၇၄၈၅)ဦးရှိကာ တစ်အိမ်ထောင် ပျမ်းမျှ(၄.၁၈)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ကြပြီး ချင်းလူမျိုးများအနည်းစုနေထိုင်ကြ ရာ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ (၆၅%)ရှိပြီး အမျိုးသမီးများမှာ အမျိုးသားများထက်(၁၅%) ပိုများသဖြင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း

စဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။

**( ခ ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုအဆင့်တွင် အိမ်ထောင်စုအားလုံး၏ (၆၅%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး (၁၀%)သည် ချမ်းသာသည့်အဆင့်(၂၅%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေးကောင်းမွန် မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှဦ အသင့်အတင့်ကောင်းမွန်



သည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်စသော အသေးစားအိမ်တွင်း လုပ်ငန်းများတွင်လည်း ပါဝင်ဆောင် ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများအနည်းငယ် ရှိပါသည်။

**( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံနှစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ ဈေးရောင်း၊ ခေါင်းရွက်ဗျတ်ထိုးလုပ်ငန်း၊ ဆန်ကြိတ်စက်လုပ်ငန်းစသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲမှ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော (၄၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၃၄%)မှာ သူတပါးထံမှ မချေးငှားပဲ သုံးလခန့်နှင့် (၆၆%)ခန့်မှ (၃)လမှ (၅)လခန့် သူတပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေငွေ (၁၀၀၀၀၀/-)ကျပ်မှ (၅၀၀၀၀၀/-) ကျပ်အထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိက ချေးငွေလုပ်ငန်းများ၊ ကျေးရွာသမဝါယမအသင်းနှင့် ကျေးရွာရှိ အများပိုင်ရုံပုံငွေများမှ ချေးယူရရှိကြပါသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်အတွက်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များကို ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၇)ဦးတို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့်အနေအထားများတွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း တွေ့ရသည်။

**(ဃ) ကျန်းမာရေးနှင့် အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကိုလည်း အပတ်စဉ်ခန့် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီးလူငယ်လူရွယ်၊ သက်ကြီးပိုင်း အများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် တိုက်နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး (၁၅)မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူ သွားနိုင်သော မြို့နယ်ဆေးရုံး၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီသည်။

ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှာ မြေအောက်ရေကို အလွယ်တကူ လုံးလောက်စွာရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျော့၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။



**( ဇ ) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရသည်။ အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်များပြားကြပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်း (၂)ကျောင်းနှင့် အလယ်တန်း၊ အထက်တန်းကျောင်းပညာတို့အတွက် ၎င်းကျေးရွာအတွင်း တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

**( စ ) ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား၊မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား/မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောဆိုနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခ ငွေကြေးများမှာ အမျိုးသားများမှ ပိုမိုရရှိသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုအသင့်အတင့်ရှိကြသည်။ ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၄)တို့ ရှိပါသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာသင်တန်းများတက်ရောက်ခြင်း၊ ပြန်လည်ဆွေးနွေးမှုပေါင်းတို့ဖြင့် လှုပ်ရှားဆောင်ရွက်မှုများရှိလာပါသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏ လူမှုရေး၊ သာရေး၊ နာရေးကိစ္စရပ်များအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများ ကောင်းမွန်သည်။ အပွဲမာဒ၊ အလင်းတန်း၊ အာယုပါလစသော အသင်းများကိုလည်း ကျေးရွာမှ လူကြီးအချို့ဦးဆောင်ပြီး လူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့်အခြားကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိကြသည်။

ကျေးရွာတွင် စီးပွားရေး အခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်း၊ (ဝေဘူဝေဘာ)၊ ပညာရေးရံပုံငွေ ငွေစုငွေချေးလုပ်ငန်း၊ ဘာသာရေးရံပုံငွေ ငွေစုငွေချေးလုပ်ငန်းနှင့် ကျေးရွာရံပုံငွေအဖွဲ့တို့ရှိကြပြီး ကျေးရွာသားအများစုတို့မှာ ကျေးရွာအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိကြသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးသဖြင့် မြို့နယ်လျှပ်စစ်မှ ဒီဇယ်မောင်းစက်အင်ဂျင်ဖြင့် ကျေးရွာအတွင်း လမ်းမီးများနှင့် ယခင်မီတာ(၃၁)လုံးမျှသာ မီးပေးနိုင်ခြင်းဖြစ်ပါသည်။ အခြားအိမ်ထောင်စုများအနေဖြင့် ရပ်ကွက်အလိုက် စီးပွားရေးလုပ်ငန်းရှင်များမှပေးသော မီးကိုသာ



သုံးစွဲကြရပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### ( ခ ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာတွင် စပါး၊ပဲ၊ ပြောင်း၊နှမ်းများကို အဓိကစိုက်ပျိုးကြပြီး တစ်ချို့အိမ်ထောင်စုများမှာ သီးပင်အစားပင်းများ၊ နှစ်ရှည်ပင်များနှင့် ၄က်ပျောစိုက်ခင်းများရှိကြသည်။ မိုးစပါးစိုက်ဧက( )ကေ ရှိပြီး သီးထပ်အဖြစ် နေကြာကို စိုက်ပျိုးကြသည်။ မိုးစပါးတစ်ဧကပျမ်းမျှအထွက်မှာ (၈၀)တင်း၊ နေကြာတစ်ဧကပျမ်းမျှအထွက်(၂၀)တင်းနှုန်းနှင့် ၄က်ပျောတစ်ဧကအထွက်(၇၀၀)ခိုင်တို့ ထွက်ရှိကြသည်။ ကျေးရွာစိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများရှိသည်။ တောင်သူများမှာ လုပ်သားရှားပါးခြင်းနှင့် လုပ်သားများ၏လုပ်အားခ ပိုမိုပေးရကာ ကုန်ကျစရိတ်မြင့်မားရသည်။ သီးနှံစိုက်ခင်းများတွင် ယခင်နှစ်များတွင် ဖျက်ပိုး ကျရောက်မှု ပိုမိုတွေ့ရပြီး ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးမှုများ ရှိလာပါသည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၁၇%)ဝန်းကျင်ရှိပြီး ဒေသဝက်မျိုးများကို တစ်အိမ်လျှင် (၁)ကောင်၊ (၂)ကောင်မျှသာ မွေးမြူကြပါသည်။ သို့သော်လည်း ယခုနှစ်တွင် ဝက်ရောဂါများ ကျရောက်၍ မွေးမြူသူများမှ အရှုံးနှင့်ရင်ဆိုင်နေရပါသည်။ ကြက်မွေးမြူရေးတွင် ဒေသကြက်ကို တစ်ရွာလုံး၏ (၁၄%)ခန့်သာ မွေးမြူကြပြီး ဥစားနှင့် အသားတိုးကြက်မွေးမြူခြင်း

အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

**( ဂ ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ဆန်ကြိတ်စက်(၃)ခုနှင့် ဆီကြိတ်စက်(၃)ခုမှအပ အခြားအိမ်တွင်းမှုကုန်ထုတ် လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စာအလုပ်မျိုး၊ သယ်ယူပို့ဆောင်ရေးဂန်ဆောင်မှု များ၊ စျေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းများတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့(၁၀၀၀/-)ကျပ်ရရှိနိုင်ကြ သည်။ ကျေးရွာတွင် စပါး၊ပြောင်း၊ပဲ၊နေကြာများကို အဓိကကျေးရွာမှ အလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်း များဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုအားနည်းသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါး၊ ပြောင်း၊နေကြာ၊မြေပဲ၊ပဲအမျိုးမျိုး စိုက်ခင်များတွင် ဖျက်ပိုးများကျရောက် တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩသုံးစွဲခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်း လာနိုင်သည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကလေးလွင်ပြင်အတွင်း တည်ရှိပါသောကြောင့် မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အခါအား



လျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါသည်။

**( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း(၇၀)ပြားတိုး၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာအတွင်း ငွေစုငွေချေးလုပ်ငန်းအဖွဲ့များမှ တစ်နှစ်အတိုးနှုန်း(၃၀%)ဖြင့် အသင်းဝင်များ ချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့များတွင် ချေးငွေကို (၁၂)လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကြပ် ထားသည်။ ကျေးရွာစိုက်ပျိုးရေးနှင့် သမဝါယမအသင်း (ဝေဘူဝေဘာ)ကို မြို့နယ်သမဝါယမ အသင်းစုချုပ်မှ ချေးငွေဖြင့် ယခုနှစ်တွင် လည်ပတ်လျှက်ရှိသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ

အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ ငါးသိန်းအထိရှိကြောင်း တွေ့ရသည်။

**( စ ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် စာစစ်ဌာနနှင့် စာသင်ကျောင်း(၃)ကျောင်းရှိပါသည်။ အထင်တန်းကျောင်းကို ကျေးရွာထည့်ဝင်မှုနှင့် တည်ဆောက်ဆဲဖြစ်ပြီး ၂၀၁၆ခုနှစ်တွင် စာစစ်ဌာနအဆင့် အ.မ.က(ခွဲ)ကျောင်း ရရှိခဲ့ရာ မူလတန်းကလေးငယ်များ နှစ်စဉ်တိုးတက်လာ၍ ကျေးရွာထည့်ဝင်မှုနှင့် တည်ဆောက်ရာ ကျောင်းသား/သူများ သင်ကြားရေအခက်အခဲရှိသဖြင့် အလှူရှင်(စာသင်ကျောင်းဆောင်)တစ်ဦး၏ လှူဒါန်းမူကြောင့်ယခုအခါကျောင်းသူ/သားများကောင်းမွန်စွာပညာသင်ကြားနိုင်ပေသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်း ကျောင်းတို့ရှိပါသည်။ အထက်တန်းကျောင်းဝန်းကို ကျေးရွာ၏ အရှေ့ဘက်တွင် တည်ရှိပြီး တောင်ဘက်တွင် အ.မ.က(ခွဲ)ကျောင်းတည်ရှိပါသည်။ အဆိုပါ အ.မ.က(ခွဲ)ကျောင်းသည် ကျောင်းမြေ အကျယ်၊ ကျောင်းဆောင်ပရိဘောဂပစ္စည်းများနှင့် ကျောင်းသူ/သားဦးရေတို့မှာ အ.မ.ကကျောင်း အဆင့်သို့ အဆင့်မြှင့်သင်ကြားနိုင်ပေသည်။ သို့ပါ၍ ကျေးရွာမှ ကျောင်းအဆင့်တိုးရန် မျှော်မှန်းလျှက် ရှိပေးသည်။ ကျေးရွာ၏ မြောက်ဘက်တွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ ၎င်းမူလတန်း ကျောင်းများတွင် ဝန်ထမ်းအိမ်ယာမရှိပါ။ အောက်ခံနံကပ်တိုက်၊ အပေါ်ထပ်ပျဉ်ထောင် အဆောင်(၂) ဆောင်၊ နံကပ်တစ်ထပ်ကျောင်း(၂)ဆောင်၊ ပျဉ်ကာတစ်ထပ်(၃)ဆောင်တို့ သင်ကြားလျှက်ရှိပါသည်။ ရွာခန့်များသည် လုပ်အားပေးသင်ကြားပေးခြင်းများသာဖြစ်၍ KG တန်းများအတွက် အာဟာရ တိုက်ကျွေးပြီး ကျောင်းသားအားလုံးအတွက် မတိုက်ကျွေးပါ။ ရွာသားအားလုံး၏ (၉၅%)မှာ ရေးတတ်ဖတ်တတ်ကြပြီး (၉)နှစ်အထက်လူဦးရေအားလုံး၏ (၉%)မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံနှင့် ကျေးရွာမှ (၁၅)မိုင်ဝေးသည့် ကလေးဆေးရုံသို့ ကားလမ်းဖြင့် အလွယ်တကူ သွားရောက်ကာရရှိနိုင်ကြပါသည်။ သောက်သုံးရေမှာ လက်နှိပ်တုံကင်နှင့် မော်တာသုံးတုံကင်များကို တပ်ဆင်အသုံးပြုကြပြီး လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါးယင်လုံ အိမ်သာသုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါများ ဖြစ်ပွားမှုနည်းပါးပါသည်။ စာသင်ကျောင်းများတွင်လည်း အိမ်သာကိုစနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန် လွယ်ကူသည်။



**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိသော်လည်း လက်ဖက် ရည်ဆိုင်၊ ဇယ်တောက်ခုံနှင့် ဘောလီဘောကွင်းများရှိသည်။ သူတို့သည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများ တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများ ဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် မြောင်းတူး၊ လမ်းဖောက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

**(၈) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာအတွင်း လမ်းများမှာ မြေသားလမ်း အမျိုးအစားဖြစ်ပြီး ကိုယ်ထူကိုယ်ထ သဲခင်းခြင်း ပြုလုပ်ထားသောကြောင့် အချိန်မရွေးသွားလာနိုင်ပါသည်။ ကလေး-ဂန့်ဂေါလမ်းပေါ်တွင် တည်ရှိပါသည်။ မဟာဓါတ်အားလိုင်းနှင့် သွယ်တန်းချိတ်ဆက်မှုမရှိပါ၍ မီးမရရှိသေးပါ။ ယခင်လျှပ်စစ်မီတာ (၃၁)လုံးနှင့် (၁၂)KV ရှိ ဒီဇယ်မီးစက်(၁)လုံးဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနမှ ကြီးကြပ်၍ တစ်နေ့ (၃)နာရီ ပေးဝေဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကမီးစက်များမှ လျှပ်စစ်မီးနှင့် အိမ်သုံးဆိုလာ ဘက်ထရီစနစ်ဖြင့် လျှပ်စစ်ကို အသုံးပြုသူများရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်း လက်ကိုင်ဖုန်းအား အသုံးပြုနိုင်ကြပြီဖြစ်သည်။ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ပြီး ကျေးရွာ စာကြည့်တိုက်အဆောက်အဦမရှိသေးပါ။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ခိုးမှုအနည်းငယ်ပါရှိသော်လည်း အကြမ်းဖက်မှု၊ လူကုန်ကူးမှုမရှိပါ။ မူးယစ်ဆေးသုံးစွဲသူများလည်း ဆေးဖက်ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နေပါ၍ ထပ်မံ၍ စိုးရိမ်ရသည့် အခြေအနေမရှိပါ။ အခိုက်အတန့် ခိုက်ရန်ဖြစ်ပွားမှုများ အခြေအနေအလိုက်ဖြစ်ပေါ်တတ်ပါသည်။ သို့သော်လည်း ယခုနှစ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် သုံးစွဲသူဦးရေမှာ တိုးတက်လာခဲ့ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

နတ်ချောင်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီး၊ ကလေးတောင်ပိုင်း၊ ကလေး-ဂန့်ဂေါကားလမ်းမပေါ်တွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ အထူးကောင်းမွန်မှုရှိပြီး၊ တစ်နှစ်ပတ်လုံး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပေသည်။ နတ်ချောင်းကျေးရွာတွင် ဒေသန္တရစျေး၊ တိုက်နယ်ဆေးရုံး၊ ဘူတာရုံ၊ စာစစ်ဌာနတို့ရှိကြပါသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများဖြင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသော



ဆေးဝါးကုသလိုမှုအတွက်လည်း နတ်ချောင်းတိုက်နယ်ဆေးရုံ၊ ကလေးပြည်သူ့ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများ အတော်အသင့်ရှိပြီး အဖွဲများ၏ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပပုဂ္ဂလိက ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက် အားကောင်းမှုရှိပြီး၊ ထိုအထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုနှင့် အခြားအသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လွန်စွာအထောက်အပံ့ကောင်းများ ဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေး စံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များအား အချိန်နှင့်တစ်ပြေးညီ ရရှိစေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်သည်။ စပါး၊ နှမ်း၊ ငှက်ပျော၊ ပဲအမျိုးမျိုး၊ နေကြာနှင့် မြေပဲတို့ကို အဓိက စိုက်ပျိုးကြပြီး သီးနှံစိုက်ပျိုးမှုအား လွန်စွာအထောက်အကူဖြစ်စေသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတ အသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်၍ စက်ရုံအလုပ်ရုံများ မရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသည်။

**( ခ ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုအများအပြားမတွေ့ရှိရပေ။ သို့သော် ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်တကျအနည်းငယ်အားနည်းကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်း သိရှိရသည်။ သို့သော် ထိခိုက်ပျက်စီးဆုံးရှုံးမှုအထိ မရှိပေ။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိရန် အခြေအနေမရှိသေးပါ။ သို့သော် လျှပ်စစ်မီတာ (၃၁)လုံးခန့်နှင့် (၁၂)KVရှိ ဒီဇယ်မီးစက်တစ်လုံးကို လျှပ်စစ်ဝန်ကြီးဌာနမှ တစ်နေ့(၃)နာရီ ရယူအသုံးပြုသူများရှိပါသည်။ ရေအားလျှပ်စစ်အနည်းငယ်ရှိပြီး အခြားစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေးစနစ်မရှိပါ။

နတ်ချောင်းရွာတွင် လုပ်သားများပေါများပြီး အလုပ်အကိုင်အခွင့်အလမ်းများ အလွန်ရှားပါးပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင် ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား ကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦးများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေသည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(၄) မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ကို ရရှိမည်ဆိုပါက ကျေးရွာလူထု လူနေမှုအဆင့်နှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန်လာရမည်။

### ( ခ ) အကောင်အထည်ဖော် နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ကက) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာအသုံး ပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

( ခခ ) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။ ကျေးရွာတွင်



အ.ထ.ကကျောင်းနှင့် မူလတန်း (၂)နှစ်ကျောင်းရှိရာ အ.မ.က(ခွဲ)ကျောင်းမှာ ကျောင်းအဆင့်တိုးရရှိရန် မျှော်မှန်း ထားပေသည်။ ကျေးရွာတွင် ရွာတွင်းလမ်းနှင့် ကုန်ထုတ်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

## ၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

### ( က ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်း
( ခခ ) လျှပ်စစ်မီး ရရှိရေး (မဟာဓါတ်အား)
( ဂဂ ) အ.မ.က ကျောင်းဝင်းမြေနေရာ ရရှိရေး
(ဃဃ) ဆရာ/မများ လုံလောက်စွာရရှိရေး (အ.မ.က ကျောင်း)
( ငင ) (၄၀'×၈၀')ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်း
( စစ ) စက်ချုပ်၊ ယက္ကန်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွင့်လှစ်ရန်
(ဆဆ) ကျေးရွာဘောလုံးကွင်း အဆင့်မြှင့်တင်ရန်
( ဇဇ ) သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်အတွက် ထင်းအစားထိုးနှင့်အခြားလောင်စာများ အသုံးပြုနိုင်အောင် ဆောင်ရွက်ရန်

### (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်း | ၁ | ✓ | | | | |
| ၂။ လျှပ်စစ်မီး ရရှိရေး (မဟာဓါတ်အား) | ၂ | | ✓ | | | |
| ၃။ အ.မ.က ကျောင်းဝင်းမြေနေရာ ရရှိရေး | ၃ | | | ✓ | | |
| ၄။ ဆရာ/မများလုံလောက်စွာရရှိရေး (အ.မ.က ကျောင်း) | ၄ | | | | ✓ | |
| ၅။ (၄၀'×၈၀')ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်း | ၅ | | | | | ✓ |

**နတ်ချောင်းကျေးရွာအုပ်စု၊ နတ်ချောင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလင်းနိုင် | ဦးစောမောင် | ၅/ကလထ(နိုင်)၁၁၂၉၆၅ | ၄၅ | ဥက္ကဋ္ဌ | ၀၉-၄၀၂၆၃၅၈၂၂ |
| ၂ | ဦးအောင်ဌေး | ဦးဖိုးမှတ် | ၅/ကလထ(နိုင်)၀၆၂၆၈၇ | ၆၃ | ဒု-ဥက္ကဋ္ဌ | ၀၉-၉၇၈၄၃၀၇၉၃ |
| ၃ | ဦးကျော်ဝင်းစိုး | ဦးသိန်းမြင့် | ၅/ကလထ(နိုင်)၁၄၈၅၆၉ | ၃၈ | အတွင်းရေးမှူး | ၀၉-၄၄၄၁၈၈၈၀၃ |
| ၄ | ဦးအောင်သူ | ဦးဌေးလွင် | ၅/ကလထ(နိုင်)၁၅၇၄၈၉ | ၃၁ | စာရင်းကိုင် | ၀၉-၄၀၀၅၃၃၈၉၄ |
| ၅ | ဦးစံမင်း | ဦးခိုင်အုပ် | ၅/ကလထ(နိုင်)၀၆၃၇၇၈ | ၆၀ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၀၃၀၉၉၆၃ |
| ၆ | ဦးဝင်းအောင် | ဦးဘအေး | ၅/ကလထ(နိုင်)၀၆၄၃၂၄ | ၅၈ | သော့ကိုင်(၁) | ၀၉-၂၅၆၁၅၇၃၆၁ |
| ၇ | ဦးမြင့်ဇော်လင်း | ဦးသောင်းအုပ် | ၅/ကလထ(နိုင်)၁၁၉၈၅၇ | ၄၂ | သော့ကိုင်(၂) | ၀၉-၄၀၀၅၂၅၁၁၆ |
| ၈ | ဦးအောင်ကျော်ထွေး | ဦးမောင်ရ | ၉/မလန(နိုင်)၁၀၅၂၉၆ | ၄၇ | အဖွဲ့ဝင် | ၀၉-၂၅၆၁၉၀၁၂၉ |
| ၉ | ဦးစောမင်းနိုင် | ဦးရာဖေ | ၅/ကလထ(နိုင်)၀၆၄၀၆၈ | ၄၇ | အဖွဲ့ဝင် | ၀၉-၂၅၆၃၀၁၁၈၆ |
| ၁၀ | ဦးညို၀င်း | ဦးချစ်မောင် | ၅/ကလထ(နိုင်)၀၆၄၀၈၁ | ၄၈ | အဖွဲ့ဝင် | ၀၉-၄၀၁၅၁၅၄၁၆ |
| ၁၁ | ဒေါ်ကြည်လှ | ဦးမောင်ခင် | ၅/ကလထ(နိုင်)၁၅၅၄၉၃ | ၄၈ | အဖွဲ့ဝင် | ၀၉-၄၀၀၄၇၈၄၄၃ |
| ၁၂ | ဦးမင်းမောင်ဌေး | ဦးဌေး၀င်း | ၅/ကလထ(နိုင်)၁၅၁၂၀၈ | ၃၇ | အဖွဲ့ဝင် | ၀၉-၂၅၉၁၈၄၉၂၉ |
| ၁၃ | ဦးမင်းအောင် | ဦးညီဦး | ၅/ကလထ(နိုင်)၁၅၄၈၉ | ၃၈ | အဖွဲ့ဝင် | ၀၉-၄၄၈၃၇၁၁၅၅ |

**နတ်ချောင်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေအနေ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေ/ | သစ်တောများထိန်းသိမ်း | သစ်တောထိန်းသိမ်းရန် အသိပညာ | သစ်ကြူးများ/တောင်ယာခုတ် | သစ်တောချစ်သူများ/ | သစ်တောနှင့် သဘာဝသံယံ |
| | သောက်သုံးရေ | စိုက်ပျိုးမှုမရှိခြင်း | ပေး ဟောပြောရန်နှင့် သစ်ပင်များ | သူများကြောင့် သစ်တောများ | လူထုပါဝင်မှုများ | ဇာတ (ချောင်း / မြောင်း) |
| | လျော့နည်းလာခြင်း | | ပြန်လည်စိုက်ပျိုးရန် အချိန်မှီခြင်း။ | ပြုန်းတီးလာ | ဌာနများပူးပေါင်းပါ | ထိန်းသိမ်းခြင်း။ |
| | | | CF ကဲ့သို့သစ်တောထိန်းသိမ်းရေး | | ဝင်ရန်လို။ | |
| | | | အဖွဲ့များ ဖွဲ့စည်းကာ ထိန်းသိမ်း | | | |
| | | | ကာကွယ်ခြင်း။ | | | |
| ၂ | လူနာဦးရေနှင့်ကိုက် | လူဦးရေတိုးပွားလာခြင်း။ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၊ | ကျန်းမာရေးဝန်ထမ်းလုံလောက် | ဌာနမှ တောင်းခံခြင်း၊ | ကျန်းမာရေးအဆင့်မြှင့်တင် |
| | ညီသောအဆောက် | ခြင်း။ရောဂါများပေါများ | မြေနေရာရှိခြင်း၊ရေလွယ်ကူစွာရရှိ | မှု မရှိခြင်း၊ ရန်ပုံငွေနှင့်ဆေးဝါး | အလှူရှင် များမှ လှူ | နိုင်ရေး။ |
| | အဦး မရှိခြင်း။ | လာခြင်း။ (ကူးစက်အပါအဝင်) | ခြင်း။ | များ မပြည့်စုံခြင်း။ | ဒါန်းခြင်း။ | |
| ၃ | သီးနှံကုန်ထုတ် | သီးနှံကုန်ထုတ်လမ်း၌ | တောင်သူအများမှအလှူငွေစုပေါင်း | ပြည်သူလူထုထည့်ဝင်ငွေဖြင့် | ပြည်သူလူထုထံမှအလှူငွေ | အလျားပေ(၄၀)၊အနံပေ(၈၀) |
| | လမ်း၌မြောင်းကူး | တံတားမရှိသောကြား | ၍ လှူဒါန်းဆောက်လုပ်လိုခြင်း၊ | မပြီးမြောက်နိုင်ခြင်း။ | ထည့်ဝင်ငွေစုဆောင်းကောက်ခံ | ရှိ ကွန်ကရစ်တံတား တည် |
| | တံတားမရှိခြင်း။ | မြောင်းအားဖြတ်သန်း | ကျောက်သဲလွယ်ကူစွာရရှိနိုင်ခြင်း | | ခြင်း။ | ဆောက်သွားနိုင်ရန်။ |
| | | သွားလာရခြင်း။ | တောင်သူလေ့ကျင့်တို့ကော်မတီ | | လက်လှမ်းမှီရာဌာနဆိုင်ရာများ | |
| | | | ဖွဲ့စည်းထားသည်။ | | သို့ တင်ပြတောင်းခံခြင်း။ | |
| ၄ | ကျောင်းဝန်းမြေ | ဝန်ထမ်းအိမ်ရာဆောက် | ပြည်သူများက ကျောင်းဝန်းဧရိယာ | ကျောင်းဝင်းတိုးချဲ့မြေဝယ်ယူ | တိုးချဲ့မြေဝယ်ယူနိုင်ရေးအတွက် | ဝန်ထမ်းအိမ်ရာဆောက်လုပ် |
| | ဧရိယာကျဉ်း | လုပ်ရန်နှင့်အားကစား | တိုးချဲ့နိုင်ရန် စိတ်ဝင်စားခြင်း၊ | နိုင်ရန် ငွေကြေးအခက်အခဲရှိ | အလှူရှင်ရှာဖွေမည်။လက်လှမ်း | ရန် မြေနေရာနှင့်အားကစား |
| | မြောင်းခြင်း။ | ကွင်းတိုးချဲ့ရန်။ | ကျောင်း၏ဘေးတွင်တိုးချဲ့မြေဝယ် | နေခြင်း။ | မှီရာ ဌာနများသို့ အလှူငွေတင် | ကွင်း တိုးချဲ့နိုင်ရန် မြေနေရာ |
| | | | ယူရန် မြေယာအသင့်ရှိခြင်း။ | | ပြတောင်းခံမည်။မြေပိုင်အား | ရရှိရေး ပူးပေါင်းဆောင်ရွက် |
| | | | | | အလှူဒါနစိတ်အား ထက်သန် | မည်။ |
| | | | | | စေရန် နှိုးဆော်ပြောဆိုမည်။ | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | မဟာဓါတ်အား | လူနေမှုဘဝအဆင့်မြှင့်တင် | ပြည်သူလူထုမှကိုယ်ထူ | ကျေးလက်ဒေသများသို့ | ပြည်သူလူထုထည့်ဝင် | နတ်ချောင်းကျေးရွာ |
| | လိုင်းမရရှိခြင်း | ရန်၊ သဘာဝတောတောင် | ကိုယ်ထရွာတွင်းလျှပ်စစ် | နိုင်ငံတော်မှ လျှပ်စစ်မီးဖြန့်ဝေ | ငွေကိုကြိုတင်ငွေစုဆောင်း | ရွာတွင်း မဟာဓါတ်အားလိုင်း |
| | | ရေမြေထိန်းသိမ်းနိုင်ခြင်း။ | မီးသွယ်တန်းရရှိနိုင်ခြင်း | မပေးနိုင်ခြင်း။ | ထားရှိခြင်း၊ | လျှပ်စစ်မီးရရှိရန် |
| | | | နှင့်မြေနေရာစီမံဆောင် | | လက်လှမ်းမှီရာဌာနများသို့ | ကြိုးပမ်းဆောင်ရွက်ခြင်း။ |
| | | | ရွက်ပေးနိုင်ခြင်း။ | | တင်ပြတောင်းခံခြင်း။ | |
| ၆ | ဝင်ငွေရအိမ်တွင်း | မိသားစုဝင်ငွေတိုးပွားလာ | အမျိုးသမီးများအတွက် အိမ်တွင်း | လက်မှုပညာသင်တန်းများ | လက်မှုပညာဆင့်ပွား | ဝင်ငွေရအိမ်တွင်းမှုလုပ်ငန်း |
| | မှုလုပ်ငန်းမရှိခြင်း | စေရန်၊ အိုးမကွာ၊ အိမ်မကွာ၊ | မှုလုပ်ငန်းလုပ်ကိုင်နိုင် | မရှိခြင်း၊ချေးငွေလုံလောက်စွာ | သင်တန်းများ ဖိတ်ခေါ် | လုပ်ကိုင်နိုင်ရန် အကောင် |
| | | ဝင်ငွေရလုပ်ငန်းလုပ်ကိုင် | ရန်အချိန်ရှိခြင်း၊ | မရရှိနိုင်ခြင်း။ | တက်ရောက်ခြင်း။ | အထည်ဖော်ဆောင်ရွက်ခြင်း။ |
| | | နိုင်ခြင်း။ | မြေနေရာလုံလောက်ခြင်း။ | | | |
| ၇ | အလုပ်အကိုင်ရှား | အလတ်စား၊အကြီးစား | လုပ်သားပေါများခြင်း၊ | ရင်းနှီးမြှုပ်နှံမှုမရှိခြင်း လျှပ်စစ် | လုပ်သားများစွာ စီးပွားရေး | တစ်ပိုင်တစ်နိုင်ရိုးရာယက္ကန်း |
| | ပါးခြင်း။ | ကုန်ထုတ်လုပ်ငန်းများ | ကုန်ကြမ်း ပေါများခြင်း။ | ဓါတ်အားမရငွေကြေးပစ္စည်း | လုပ်ငန်းရှင်ကြီးများစွာ ဖိတ် | မှ အခုအဖွဲ့ပိုင်ယက္ကန်း |
| | | မရှိခြင်း။ | စက်ရုံအလုပ်ရုံများ | စိုက်ထုတ်ရန် မတတ်စွမ်းနိုင် | ခေါ်တင်ပြခြင်း လက်မှုနည်း | လုပ်ငန်းအဆင့်မြှင့်တင်ခြင်း။ |
| | | | တည်ဆောက်ရန် | ခြင်း၊ ချေးငွေမရရှိခြင်း။ | ပညာ/ပညာပေး အကူအညီရ | |
| | | | မြေနေရာရှိခြင်း။ | | ယူခြင်း။ | |
| ၈ | အားကစားကွင်း | ကျန်းမာကြံ့ခိုင်စေရန် | တန်ဖိုးနည်းမြေ | ကျေးရွာမှရရှိငွေနှင့်လက်လှမ်း | ကျေးရွာတွင်း ကြိုတင်ငွေစု | စံချိန်မီအားကစားကွင်းဖြစ် |
| | မရှိခြင်း | အားကစားကွင်းမရှိသဖြင့် | နေရာရရှိနိုင်ခြင်း၊ | မမှီနိုင်ခြင်း။ | ဆောင်းထားနိုင်ခြင်း၊ဝန်ကြီး | ပေါ်လာစေရန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | ကြိုးစားအားထုတ် |
| | | အဆင်ပြေရာကွင်းပြင် | ကျေးရွာမှပံ့ပိုး | | ဌာနများသို့ | ဆောင်ရွက်သွားနိုင်ရန်။ |
| | | များ၌ယာယီကွင်းဖော်ပြ | ငွေရရှိနိုင်ခြင်း။ | | တင်ပြတောင်းဆိုခြင်း။ | |
| | | ပြင်ကစားရခြင်း။ | | | | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅၄ | ၆၉ | ၁၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀၃ | ၁၇၂ | ၃၇၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃၃ | ၂၉၄ | ၆၂၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၈၁ | ၂၉၈ | ၅၇၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၂၂ | ၂၇၇၀ | ၅၂၉၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၀၀ | ၂၈၉ | ၄၈၉ |
| **စုစုပေါင်း** | | **၃၅၃၃** | **၃၈၉၂** | **၇၄၈၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၇၄၇** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ လေ့လာတွေ့ရှိချက်-အိမ်ခြေ (၁၇၄၇)အိမ်ရှိပြီး အလုပ်လုပ် နိုင်သောလူဦးရေမှာ ကျေးရွာလူဦးရေ၏ (၇၀.၇%) ရှိပါသည်။ ကလေးငယ်များမှာ ကျေးရွာ လူဦးရေ၏ (၁.၆၄)ရှိ၍ သက်ကြီးရွယ်ကြီးများမှာ (၆.၅၃%) ဖြစ်ပါသည်။ကျန်ရှိသော (၁၆.၁၁%)မှာ ပညာသင်နေကြသော ကျောင်းသား/သူဦးရေဖြစ်ပါသည်။ ကျေးရွာတွင်ဘုန်းကြီးကျောင်း (၄) ကျောင်း ရှိ၍ စုစုပေါင်းရဟန်းသံဃာဦးရေ (၁၈)ပါးရှိပါသည်။ ကိုရင်(၉)ပါး၊ သံဃာတော်(၉)ပါး အတင်းသုံးနေထိုင်တော်မူကြပါသည်။**

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၆၃ | ၁၄၂၄ | ၉၀ | မြင့် □ လတ် □Â နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၂၁၁ | ၃၃၃ | ၁၃၈ | မြင့် □ လတ် □Â နိမ့် □ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၈ | | မြင့် □ လတ် □ Â နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□Â နိမ့် □ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် □ လတ်□ နိမ့် □ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇ | ၄ | ၄ | မြင့် □ လတ်□ နိမ့် □Â |
| | အလုပ်သမား / ဝန်ထမ်း | | | ၈ | မြင့် □ လတ်□ နိမ့် □Â |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် □ လတ်□ နိမ့် □Â |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၂၂ | ၄ | မြင့် □ လတ်□Â နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၈ | ၃ | မြင့် □ လတ်□ နိမ့် □Â |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၁ | ၁ | မြင့် □ လတ်□Â နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် □ လတ်□ နိမ့် □ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | ၈ | ၁ | မြင့် □ လတ်□Â နိမ့် □ |
